# အပူပိုင်းဇုန် စီမံကိန်း ၂၀၁၅ - ၂၀၁၈


လျာထား
ဘတ်ဂျက်
အမေရိကန်
ဒေါ်လာ
၃၉ သန်း

+

ကန်ဒေါ်လာ
၁၂ သန်း
(ငွေကြေးဆိုင်ရာတွင်
အားလုံးပါဝင်စေမှု
စီမံကိန်း)



စီမံကိန်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ နှင့် ရေစကြို၊ မန္တလေးတိုင်းဒေသကြီးရှိ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ နှင့် မလှိုင် - စုစုပေါင်း (၆) မြို့နယ်ရှိ အသက်မွေးဝမ်းကျောင်းမှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဟာရကို အလေးထားသော စားနပ်ရိက္ခာ ဖူလုံရေးတို့ကို မြှင့်တင်ဆောင်ရွက်မည် ဖြစ်သည်။ LIFT ၏ ငွေရေးကြေးရေး ဝန်ဆောင်မှု မိတ်ဖက်အဖွဲ့များမှလည်း ဤဒေသများတွင် စီမံချက်များ ဆောင်ရွက်နေပြီး တစ်ပေါင်းတစ်စည်းတည်း ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ဖော်ဆောင်လျက်ရှိသည်။




## မျှော်မှန်းချက် နှင့် ဆောင်ရွက်ပုံ

အပူပိုင်းဇုန် စီမံကိန်းကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်းရာတွင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီပေးရန် နှင့် ကျေးလက်ဒေသရှိ နွမ်းပါးသူ အိမ်ထောင်စုများ၏ ခံနိုင်ရည်အားများ ပိုမိုခိုင်မာ အားကောင်းလာရေး အတွက် ရည်ရွယ်ထားပြီး အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်မည် ဖြစ်ပါသည်။

- အာဟာရ ရရှိမှု ပိုမိုကောင်းမွန်စေမည့် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မိခင်များကို ငွေကြေးပံပိုးပေးခြင်း များဖြင့် အသက် ၂ နှစ်အောက် ကလေးများ၏ ပုညှက်နှုန်းကို လျှော့ချရန်
- ကျေးလက်ဒေသများတွင် တကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်များ ပိုမို ကောင်းမွန်စေမည့် ဆောင်ရွက်မှုများဖြင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ လျော့ပါးလာစေရန်
- ကျေးလက် စီးပွားရေးကို အားကောင်းလာစေရန် မြို့နယ်နှင့် တိုင်းဒေသကြီးအဆင့်ရှိ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီခြင်းများ - ဥပမာ - တန်ဖိုးကွင်းဆက်နှင့် ကျေးလက်ဒေသ ငွေကြေး ဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများကို မြှင့်တင်ခြင်း
- အထောက်အထားများကို ဖော်ဆောင်ခြင်းဖြင့် ထိရောက်သော မူဝါဒများ နှင့် ပြည်သူ့အသုံးစရိတ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပံပိုးမှု ဖြစ်စေရန်
- စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာရန်

## မျှော်မှန်းထားသည့် အကျိုးရလဒ်များ

၁။ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် စိုက်ပျိုးရေး နှင့် မွေးမြူရေး ထုတ်ကုန်များ ရောင်းချခြင်းမှ ဝင်ငွေများတိုးလာပြီး ရိက္ခာဖူလုံလာမည်။
၂။ ကျေးလက် အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေး မဟုတ်သော အလုပ်အကိုင် အခွင့်အလမ်းများဖြင့် ဝင်ငွေတိုးလာပြီး ရိက္ခာ ဖူလုံလာမည်။
၃။ ကျေးလက် အိမ်ထောင်စုများအနေဖြင့် အခက်အခဲ အကျပ်အတည်းများ အပေါ် ခံနိုင်ရည်အား ပိုမိုကောင်းလာမည်။
၄။ ကလေးများ၏ ပုညှက်မှုများ လျော့ကျလာမည်။
၅။ ဆွေးနွေးတိုက်တွန်းမှုများကြောင့် အာဟာရ နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး ကဏ္ဍများ၏ အသုံးစရိတ်များ - ဥပမာ သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်များ၊ တိုးမြှင့်လာမည်။

# အပူပိုင်းဇုန် စီမံကိန်း



| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ | နေရာ | ကာလ |
|---|---|---|---|---|
| ActionAid | ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှု စီးပွားရေး ကွန်ရက် | အခွင့်လမ်းနည်းပါးသော အမျိုးသမီးများကို သက်မွေးမှုသင်တန်း၊ အလုပ်အကိုင်၊ လူမှုရေး ဝန်ဆောင်မှုများ လက်လှမ်းမီစေခြင်း | ပခုက္ကူ နှင့် ညောင်ဦး မြို့နယ်များ | ၈ မတ် ၂၀၁၃ မှ ၇ မတ် ၂၀၁၇ ထိ |
| FAO Livestock | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို တိုးတက်ကောင်းမွန်စေခြင်း ဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း။ | မွေးမြူရေး ခြံပိုင်ရှင်များအတွက် မူဝါဒအဆင့်လုပ်ငန်း၊ ပတ်ဝန်းကျင် သာမက စီးပွားရေးအရပါ အားထားရလောက်သည့် မွေးမြူရေး လုပ်ငန်းကို ဖြစ်ထွန်းစေမည့် အကောင်းဆုံး လုပ်ဆောင်နည်းများ ရေးသားပြုစုခြင်း | ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ ရေစကြို၊ နွားထိုးကြီး နှင့် မလှိုင် မြို့နယ်များ | ၃၀ နိုဝင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |
| Golden Plain | သစ်စိမ်းမြေသြဇာအသုံးပြုခြင်း နှင့် သီးနှံစနစ်ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာကို ကောင်းမွန်စေကာ ရေရှည်တည်တံ့သော သီးနှံထွက်နှုန်း ရရှိစေခြင်း | သစ်စိမ်းမြေသြဇာကိုသုံးကာ ရေရှည်တည်တံ့သော သီးနှံထုတ်လုပ်မှုစနစ်ကို အားပေးခြင်း၊ စမ်းသပ်ကွက်များဖော်ဆောင်ပြီး ထပ်ဆောင်းကုန်ကျစရိတ်များ၊ သီးနှံပုံစံကို ပြောင်းလဲရမည့် အချက်များ၊ သစ်စိမ်းမြေသြဇာသုံးစွဲခြင်းဖြင့် ရနိုင်သော အကျိုးကျေးဇူးများကို ဖော်ထုတ်မည် | ပခုက္ကူ နှင့် ရေစကြို မြို့နယ်များ | ၉ မေ ၂၀၁၆ မှ ၃၁ အောက်တိုဘာ ၂၀၁၈ ထိ |
| HelpAge | အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး | လက်ရှိ ကျေးရွာအခြေပြု လူမှုကာကွယ်စောင့် ရှောက်ရေး အစီအစဉ်များကို ထောက်ပံ့ရန်၊ သက်ကြီး လူမှုရေးပင်စင် နှင့် မသန်စွမ်း မိသားစုများကို ထောက်ပံ့မှုများ ပေးအပ်နေသော နိုင်ငံတော်အစိုးရ ၏ စီမံကိန်းများကို အထောက်အကူပြုရန် | ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ ရေစကြို၊ နွားထိုးကြီး နှင့် မလှိုင် မြို့နယ်များ | ၁၅ ဒီဇင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |
| International Fertilizer Development Centre (IFDC) | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု စီမံချက် | စိုက်ပျိုးရေးကဏ္ဍ ပညာပေးလုပ်ငန်းများကို တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍတို့ နှင့် လက်တွဲဆောင်ရွက်ခြင်း | ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ ရေစကြို၊ နွားထိုးကြီး နှင့် မလှိုင် မြို့နယ်များ | ၁၁ ဒီဇင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |
| Lodestar Company Ltd./ SPPRG | ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ - ကနဦး စီမံချက်၏ ထိရောက်မှု | ကိုယ်ဝန်ဆောင်မိခင်နှင့် ၂နှစ်အောက် ကလေးများကို ငွေကြေးထောက်ပံ့မှု နှင့် ကျေးရွာလည်ပတ်ရန်ပုံငွေ အပါအဝင် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး | မြောင် နှင့် စစ်ကိုင်း မြို့နယ်များ | ၂ ဒီဇင်ဘာ ၂၀၁၅ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |
| Myanmar Professional Social Worker Association (MPSWA) | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထိရောက်လွယ်သော ရပ်ရွာတို့၏ အာဟာရအဆင့်အတန်းကို တိုးတက်စေခြင်း။ | အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲခြင်း အတွက် နည်းလမ်းပြ ဆောင်ရွက်မှု | မြင်းခြံ၊ တောင်သာ နှင့် နွားထိုးကြီး မြို့နယ်များ | ၇ ဧပြီ ၂၀၁၆ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |
| Save the Children | သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေး တိုက်တွန်း ဆောင်ရွက်ခြင်း။ | ကိုယ်ဝန်ဆောင်မိခင်နှင့် ၂နှစ်အောက် ကလေးများကို ငွေကြေးပံ့ပိုးသည့် ရက် ၁၀၀၀ ကာလ ထိရောက်မှု၏ နောက်ဆက်တွဲဆောင်ရွက်သည့် အာဟာရ စီမံချက် (သန္ဓေသား ဘဝမှ နှစ်နှစ်မြောက် မွေးနေ့ အထိ) အာဟာရဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး ဆောင်ရွက်ခြင်း | ပခုက္ကူ၊ ရေစကြို နှင့် မလှိုင် မြို့နယ်များ | ၃ ဇွန် ၂၀၁၅ မှ ၂ ဇွန် ၂၀၁၈ ထိ |
| Terre des Hommes | ဟင်းသီးဟင်းရွက် မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ | ဝေးလံသောရွာများမှ မြေမဲ့ယာမဲ့နှင့် ဝမ်းစာ မလုံလောက်သော တောင်သူများအား ရေကို ထိရောက်စွာ အသုံးပြုပြီး အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကာ ဝင်ငွေနှင့် အာဟာရ ကောင်းမွန်စေရန် | နတ်မောက်၊ ရေနံချောင်း၊ မြင်းခြံ နှင့် တောင်သာ မြို့နယ်များ | ၁ ဖေဖော်ဝါရီ ၂၀၁၄ မှ ၃၁ ဇန်နဝါရီ ၂၀၁၇ ထိ |
| UNESCAP | ဘက်စုံကျေးလက် စီးပွား လူမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် | စက်မှုလယ်ယာပြောင်းလဲခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ လယ်ယာလုပ်ငန်း တီထွင်ဆန်းသစ်မှု ဆိုင်ရာ သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း | အပူပိုင်းဇုန် | ၁ နိုဝင်ဘာ ၂၀၁၄ မှ ၃၁ ဒီဇင်ဘာ ၂၀၁၆ ထိ |
| UN-HABITAT | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသော ရပ်ရွာများသို့ | အာဟာရစီမံချက်နှင့် ချိတ်ဆက်လျက် ရေနှင့် သန့်ရှင်းမှုကို လက်လှမ်းမီစေရန် ရည်ရွယ်ပြီး အသိပညာပေးခြင်းဖြင့် တောထိုင်ဝလေ့ ကို လုံးဝ ပပျောက်စေရန် ဖြစ်သည် | ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ ရေစကြို၊ နွားထိုးကြီး နှင့် မလှိုင် မြို့နယ်များ | ၁၅ ဇန်နဝါရီ ၂၀၁၆ မှ ၃၁ ဒီဇင်ဘာ ၂၀၁၈ ထိ |

From the private sector, the Mitsubishi Corporation is a donor.

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
၁၂(အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်းနံပါတ် - ၆၅ ၇၂ ၈၀~၇၊ ဖက်စ် - ၆၅ ၇၂ ၇၉၊ အီးမေးလ်- lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund

UNOPS မှ စီမံခန့်ခွဲသည်